# သမတအိမ်တော်၊ ရန်ကုန်မြို့

# ၁၉၅၂ ခုနှစ်၊ ကချင်ပြည်နယ်ကောင်စီအမတ်များ၏ စရိတ်ကြေးငွေ အက်ဥပဒေ

## ၊၁၉၅၂ ခုနှစ်၊ ကချင်ပြည်နယ် အက်ဥပဒေအမှတ် ၂၊

## ၁၃၁၄ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်။

## (၁၉၅၂ ခုနှစ်၊ မေလ ၂ ရက်။)

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖော်ပြပါအက်ဥပဒေကို ထုတ်ပြန်ကျေညာသည်။

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ **၁၉၅၂ ခုနှစ်၊ ကချင်ပြည်နယ်ကောင်စီအမတ်များ၏ စရိတ်ကြေးငွေ အက်ဥပဒေ** ဟုခေါ်ရမည်။

၂။ ။ ဤအက်ဥပဒေကို၊ ၁၉၅၂ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင်၊ စတင်အာဏာတည်သည်ဟုမှတ်ယူရမည်။

ဤအက်ဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင် လျှင်-

(က) "**ညီလာခံ**" ဆိုသည်မှာ၊ ကချင်ပြည်နယ်ကောင်စီညီလာခံကို ဆိုလိုသည်။

(ခ) "**ကော်မီတီ အစည်းအဝေး**" ဆိုသည်မှာ၊ ကချင်ပြည်နယ်ကောင်စီက၊ ကောင်စီနှင့်စပ်လျဉ်းသော မည်သည့်အလုပ်ဝတ်တရားကိုမဆို၊ ဆောင်ရွက်လုပ်ကိုင်ရန်ခန့်ထားသော ကော်မီတီအစည်းအဝေးကို ဆိုလိုသည်။

(ဂ) "**ကောင်စီအမတ်**" ဆိုသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ကချင်ပြည်နယ်ဆိုင်ရာလူမျိုးစု လွှတ်တော်အမတ်နှင့်ပြည်သူ့လွှတ်တော်အမတ်များကိုဆိုလိုသည်။ သို့ရာတွင်၊ ပြည်နယ်ဥက္ကဋ္ဌ၊ ပြည်နယ် ကောင်စီသဘာပတိ၊ ပြည်နယ်ကောင်စီ ဒုတိယသဘာပတိ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ပါလီမန်အတွင်းဝန်များမပါချေ။

၃။ ။ ကောင်စီအမတ်တဦးသည်-

(က) ပါလီမန်ဆိုင်ရာ လွှတ်တော်တရပ်ရပ်၏ ညီလာခံမရှိသောအခါ၊ ပြည်နယ်ကောင်စီညီလာခံ၊ သို့တည်းမဟုတ် ကော်မီတီအစည်းအဝေးကျင်းပစဉ်အတွင်း၊ ထိုကျင်းပရာဒေသ၌ ရှိနေသည့်အတွက်၊ နေ့တွက်စရိတ်တရက်လျှင် ၂၀ ကျပ် ကျ၊

(ခ) ကျင်းပရာဒေသမဟုတ်သည့်အခြားဒေသမှညီလာခံသို့၊ သို့တည်းမဟုတ် ကော်မီတီအစည်းအဝေးသို့ တက်ရောက်ရလျှင်၊ စတင်တက်ရောက်သည့်နေ့ မတိုင်မီ၊ တရက်အတွက်နှင့် နောက်ဆုံးတက်ရောက်ပြီးသည့်နေ့ နောက်တရက်အတွက်ပါ ထည့်သွင်း၍၊ ထိုကောင်စီအမတ်သည်၊ နေ့တွက်စရိတ်တရက်လျှင် ၂၀ ကျပ် ကျရယူခွင့်ရှိရမည်။

**ခြွင်းချက်**။ ။ သို့ရာတွင်၊ ပါလီမန်ဆိုင်ရာလွှတ်တော်တရပ်ရပ်၏အမတ်တဦးအဖြစ်ဖြင့်၊ နေ့တွက်စရိတ် ကို ထုတ်ယူခွင့်ရှိသော ကောင်စီအမတ်တဦးသည်၊ ထိုကဲ့သို့ ထုတ်ယူရရှိသည့် နေ့ရက်အတွက် နေ့တွက် စရိတ်ကို ဤအက်ဥပဒေအရ ရယူခွင့်မရှိစေရ။

၄။ ။ ကောင်စီအမတ်တဦးမှာ၊ ပုဒ်မ ၃ တွင်ပြဋ္ဌာန်းထားသော စရိတ်ကြေးငွေများအပြင်၊ ညီလာခံ၊ သို့တည်းမဟုတ် ကော်မီတီအစည်းအဝေးတရပ်ရပ်သို့ တက်ရောက်ရန်အလို့ငှါ သွားလာရသည့်အတွက်၊ ဤအက်ဥပဒေအရပြုသော နည်းဥပဒေများဖြင့်၊ သတ်မှတ်ထားသည့်နှုန်းအတိုင်းသတ်မှတ်ထားသည့် စည်းကမ်းချက်နှင့်အညီခရီးစရိတ်ရယူခွင့်ရှိရမည်။

**ခြွင်းချက်**။ ။ သို့ရာတွင်၊ ပါလီမန်ဆိုင်ရာလွှတ်တော်တရပ်ရပ်၏ အမတ်တဦးအဖြစ်ဖြင့် ခရီးစရိတ်များ ကို ရယူခွင့်ရှိသော ကောင်စီအမတ်တဦးအား၊ မိမိလာရသော ခရီးအတွက်၊ သို့တည်းမဟုတ် ခရီးများ အတွက်၊ ဤအက်ဥပဒေအရ ခရီးစရိတ်များကို ထုတ်မပေးရ။

၅။ ။ အငြိမ်းစားအစိုးရအမှုထမ်းတဦးသည်၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊ စရိတ်ကြေးငွေ ထုတ်ယူသည့်အတွက်၊ ထိုသူ၏ ပင်ရှင်လစာငွေကို မထိခိုက်စေရ။

၆။ ။ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များအရ၊ ရယူခွင့်ရှိသော စရိတ်ကြေးငွေများကို ထိုသို့ရယူခွင့်ရှိသော နေ့ရက်မှစ၍ခြောက်လအတွင်းတောင်းဆိုရမည်။ ခြောက်လကျော်လျှင်၊ စရိတ်ကြေးငွေတောင်းဆိုခြင်းကို မည်သည့်နည်းနှင့်မျှ ခွင့်မပြုရ။

၇။ ။ (၁) ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်စေရန်၊ ပြည်နယ်ဥက္ကဋ္ဌ သည် နည်းဥပဒေများကိုပြုနိုင်သည်။

(၂) အထက်ပါပြဋ္ဌာန်းချက်များ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ ပြည်နယ်ဥက္ကဋ္ဌသည် အထူး အားဖြင့် အောက်ပါကိစ္စအားလုံးအတွက်ဖြစ်စေ၊ တခုခုအတွက်ဖြစ်စေ နည်းဥပဒေများပြုနိုင်သည်။

(က) ပုဒ်မ ၄ ပါပြဋ္ဌာန်းချက်များအရ၊ ကောင်စီအမတ်များအားပေးရမည့်ခရီးစရိတ်နှုန်းနှင့် ခရီးစရိတ် ကိုထုတ်ယူရာတွင် လိုက်နာရမည့်စည်းကမ်းချက်များသတ်မှတ်ခြင်း။

(ခ) အသုံးပြုနိုင်သည့်ခရီးလမ်းများသည် တခုထက်ပို၍ရှိလျှင်၊ ခရီးစရိတ်ကို မည်သည့်ခရီးလမ်းအ တွက် တောင်းဆိုရမည်ဟု သတ်မှတ်ခြင်း။

(ဂ) နေ့တွက်စရိတ်များ တောင်းဆိုနိုင်သော ကာလအပိုင်းအခြားကို တွက်စစ်ခြင်း။

(ဃ) ကောင်စီအမတ်များ ၏ နေထိုင်ရာဒေသကို သတ်မှတ်ခြင်း။

(င) နေ့တွက်စရိတ်များထုတ်ယူရန် နည်းလမ်းသတ်မှတ်ခြင်း၊ ခရီးစရိတ်စာရင်းများကိုပြုလုပ်ရန် ထောက်ခံလက်မှတ်ထိုးရန်နှင့် ငွေထုတ်ယူရန် နည်းလမ်းသတ်မှတ်ခြင်း။

၈။ ။ ၁၉၄၈ ခုနှစ်၊ ကချင်ပြည်နယ် ကောင်စီအမတ်များ၏စရိတ်ကြေးငွေအက်ဥပဒေ (ကချင်ပြည်နယ် အက်ဥပဒေအမှတ် ၃) နှင့်၊ ၁၉၄၈ ခုနှစ်၊ ကချင်ပြည်နယ်ကောင်စီအမတ်များ၏ စရိတ်ကြေးငွေ (ပြင် ဆင်ချက်) အက်ဥပဒေ (၁၉၄၈ ခုနှစ်၊ ကချင်ပြည်နယ် အက်ဥပဒေအမှတ် ၅ ) တို့ကိုရုပ်သိမ်းလိုက်သည်။

**ခြွင်းချက်**။ ။ သို့ရာတွင် ၁၉၄၈ ခုနှစ်၊ ကချင်ပြည်နယ်ကောင်စီအမတ်များ၏ စရိတ်ကြေးငွေ အက်ဥပဒေ ပြဋ္ဌာန်းချက်များအရ ရယူခွင့်ရှိသည့် စရိတ်ကြေးငွေများကို၊ အဆိုပါအက်ဥပဒေအရ ရယူ ခွင့်ရှိသောနေ့မှစ၍ တနှစ်အတွင်းထုတ်ယူနိုင်သည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဘဦး၊

နိုင်ငံတော်သမတ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့ ၁၃၁၄ ခု၊ ကဆုန်လဆန်း ၉ ရက်။

(၁၉၅၂ ခု၊ မေလ ၂ ရက်။)

အမိန့်အရ၊

ပါစိန်၊

နိုင်ငံတော်သမတအတွင်းဝန်။

[အမှတ် ၄၃]